**တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်းပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ် (EITI) အရ သဘာဝသယံဇာတ ဝင်ငွေဆိုင်ရာ အချက်အလက်များထုတ်ပြန်မှုပြုရန်တိုက်တွန်းထားပါတယ်။ ၂၀၁၄ ခုနှစ်မှ စပြီး EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ၎င်း၏ ပထမဆုံး MEITI အစီရင်ခံစာကို ၂၀၁၆ မှာထုတ်ပြန်ခဲ့ပါတယ်။**

မြန်မာနိုင်ငံရဲ့ ပထမဆုံး EITI အစီရင်ခံစာဟာရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက် သယံဇာတတွေကရတဲ့ **အမေရိကန်ဒေါ်လာ ၃.၁၄ ဘီလီယံ** အကြောင်းကိုဖော်ပြခဲ့ပါတယ်။ **သဘာဝ သယံဇာတ ဝင်ငွေဟာ စုစုပေါင်း အစိုးရဝင်ငွေရဲ့ ၂၃.၆ ရာခိုင်နှုန်းအနည်းဆုံးရှိပြီး ၂၀၁၃ - ၁၄ ဂျီဒီပီရဲ့ ၆ ရာခိုင်နှုန်း ရှိပါတယ်။**

**ဝင်ငွေတွေရဲ့ရာခိုင်နှုန်းအများစုဟာ (၈၅ ရာခိုင်နှုန်း) ရေနံနှင့် သဘာဝဓာတ်ငွေ့က ရရှိတာ ဖြစ်ပါတယ်။** ကျောက်မျက်ရတနာနဲ့ အခြားတွင်းထွက်တွေဟာ ၁၃ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်း အသီးသီးရှိကြပါတယ်။

တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းတွေက ဝင်ငွေတွေ စုဆောင်းပုံကိုလည်း အစီရင်ခံစာက မှတ်တမ်းတင်ထားပါသေးတယ်။ **၂၀၁၃ - ၁၄ မှာရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ တွင်းထွက်သယံဇာတလုပ်ငန်းတွေက ရတဲ့ဝင်ငွေ ၈၅ ရာခိုင်နှုန်း**ဟာ အခွန်မဟုတ်တဲ့ဝင်ငွေများဖြစ်တဲ့ နိုင်ငံတော်ရှယ်ယာ၊ အခွန်တော်များအစရှိတဲ့ လမ်းကြောင်းကနေ ရရှိတာဖြစ်ပါတယ်။

**ဝင်ငွေရဲ့ တဝက်ခန့်လောက်ပဲ ပြည်ထောင်စုဘတ်ဂျတ် စာရင်းထဲ ရောက်ပါတယ်။** ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတ်ကရတဲ့ ပြည်သူပိုင်ငွေ ၅၀ ရာခိုင်နှုန်းနီးပါးလောက်ဟာ နိုင်ငံပိုင် လုပ်ငန်းတွေရဲ့ ဘတ်ဂျတ်ပြင်ပက သီးခြားစာရင်းတွေထဲကိုရောက်သွားပါတယ်။

အချက်အလက်တွေအရ ပြည့်စုံခြင်းမရှိပေမဲ့ မြန်မာရဲ့ ပထမဆုံး EITI အစီရင်ခံစာမှာ **အများပြည်သူတွေလေ့လာနိုင်တဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နဲ့ တွင်းထွက်သယံဇာတတွေရဲ့ လက်ရှိကောင်အထည်ဖော်နေတဲ့ ခွင့်ပြုမိန့်တွေကို** ၂၀၁၄ မတ်လစာရင်းထိ ဖော်ပြ

# . . . ဘာတွေမပါဘူးလဲ။

Natural Resource Governance Institute

**မြန်မာရဲ့ ပထမဆုံး EITI အစီရင်ခံစာ ထုတ်ပြန်ခြင်းဟာ အရေးကြီးတဲ့ခြေလှမ်း ဖြစ်ပါတယ်။ နိုင်ငံတကာ EITI စံသတ်မှတ်ချက်တွေ အတိုင်းဖြစ်လာအောင် စတိတ်ဟိုဒါတွေအနေနဲ့ တွင်းထွက်သယံဇာတလုပ်ငန်းသဘောသဘာဝကို ပိုပြီး ရှင်းလင်းစွာ နားလည်အောင် ကြိုးစားရမှာဖြစ်ပါတယ်။**

**မြန်မာ EITI အစီရင်ခံစာမှာကျောက်မျက်ပြပွဲဝင်ပြတဲ့ ကုမ္ပဏီ ၅၄ ရာခိုင်နှုန်းရဲ့ အကြောင်းကိုပဲ ဖော်ပြနိုင်ပါတယ်။ လုပ်ငန်းတခုလုံးနဲ့ယှဉ်ရင် အလွန်သေးငယ်တဲ့ အစိတ်အပိုင်းလေး တခုပဲဖြစ်ပါတယ်။** အစီရင်ခံစာမှာ ကျောက်မျက်တွေက ရတဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာသန်းပေါင်း ၃၈၀ လောက်ကိုပဲ ဖော်ပြထားနိုင်ပါတယ်။ အခြားလွတ်လပ်အဖွဲ့အစည်းများခန့်မှန်းတာကတော့ ကျောက်စိမ်းတခုတည်းရဲ့ နှစ်စဉ်ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကနေ ၃၂ ဘီလီယံထိရှိမယ်လို့ မှန်းထားပါတယ်။






**စီမံကိန်းအလိုက် ဝင်ငွေများ ဖော်ပြထားခြင်းမရှိပါဘူး။** အဲသည်အချက်ဟာ ဝင်ငွေအရင်းအမြစ် ဖော်ထုတ်ခြင်းကို အတားအဆီးဖြစ်စေပြီး ကုမ္ပဏီရဲ့ စွမ်းဆောင်ရည်ကို သုံးသပ်ရာမှာ အခက်အခဲတွေတိုးစေပါတယ်။

**လိုင်စင်ချထားပေးတဲ့ လုပ်ငန်းအဆင့်ဆင့်၊ ချထားပေးတဲ့ ပုံစံသတ်မှတ်ချက်တွေကို မြန်မာနိုင်ငံရဲ့အစီရင်ခံစာမှာ ရှင်းလင်းစွာရေးထားတာမရှိပါဘူး။** EITI စံသတ်မှတ်ချက် အရဖွင့်ပြဖို့ သတ်မှတ်ထားတဲ့ ဒီအချက်အလက်ဟာဆိုရင် ပွင့်လင်းမြင်သာမှု အားကောင်းလာဖို့၊ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ တွင်းထွက်သယံဇာတ တူးယူခြင်းမှာ အဆင့်မြှင့်တင်မှုလုပ်ဖို့ အလွန်ပဲအရေးပါပါတယ်။



**အန္တိမအကျိုး ခံစားခွင့်ရှိသူများအကြောင်း အစီရင်ခံစာမှာ ဖော်ပြထားခြင်း မရှိပါဘူး။** တွင်းထွက်သယံဇာတတူးဖော်ခြင်းမှ အန္တိမအကျိုးအမြတ်တွေ ခံစားနေတဲ့ ပုဂ္ဂိုလ်တွေ အကြောင်းဖော်ပြထားခြင်းမရှိပါဘူး။ အန္တိမအကျိုးခံစားခွင့်ရှိသူရဲ့ ဥပတိကို ပုံစံအမျိုးမျိုးနဲ့ ဖုံးကွယ်ထားနိုင်ပါတယ်။ ပြန်လည်ပြင်ဆင်မှုတွေလုပ်ထားတဲ့ EITI စံသတ်မှတ်ချက် အရအန္တိမအကျိုးခံစားခွင့်ရှိသူတွေရဲ့ အချက်အလက်ကိုဖော်ပြရတော့မှာ ဖြစ်ပါတယ်။

**EITI လမ်းညွှန်ချက်အရ ဖွင့်ပြမှုတွေ လုပ်ရမယ်လို့ တိုက်တွန်း ထားပေမဲ့ စာချုပ်တွေ၊ လိုင်စင်တွေရဲ့သတ်မှတ်ချက်တွေဟာ လျှို့ဝှက်ချက်အဖြစ်ရှိနေဆဲ ဖြစ်ပါတယ်။** ဒီလို လျှို့ဝှက်ထားမှုကြောင့် စတိတ်ဟိုဒါတွေအနေနဲ့ ကုမ္ပဏီရဲ့ ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်မှုတွေ၊ လူမှုရေးဖြည့်ဆည်းပေးရမဲ့ ကိစ္စတွေကိုစောင့်ကြည့်တဲ့အခါ၊ လိုက်နာမှုတွေဖြစ်အောင် တိုက်တွန်းတဲ့အခါ အားလျော့ရပါတယ်။

